# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 27, 2020 | Volume 28, Number 18


**၂၇.၂.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၈၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၄/- ကျပ် |
| CBM Rate | = ၁၄၄၂.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၄.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၆၃.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၀.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၈.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၅.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၁၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၈.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၂.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၄၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဖေဖော်ဝါရီ ၂၇ရက် မြန်မာ့ရွှေ ကျပ် ၁၂၄၅၀၀၀၊ ကမ္ဘာ့ရွှေ ၁၆၅၁ ဒေါ်လာ



ဖေဖော်ဝါရီ ၂၇ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၄၅၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၄၆၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၆ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၄၃၅၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၄၄၀၀၀ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၂၅ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၅၂၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၅၁၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၄ ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၅၆၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၅၆၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၃ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၄၈၀၀၀ ဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၂၇ ရက် တစ်အောင်စကို ၁၆၅၁ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၆ ရက် တစ်အောင်စကို ၁၆၄၃ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၅ ရက် တစ်အောင်စကို ၁၆၅၆ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၄ ရက် တစ်အောင်စကို ၁၆၆၁ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက် တစ်အောင်စကို ၁၆၄၄ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက် တစ်အောင်စကို ၁၆၄၂ ဒေါ်လာ ဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၁ရက် တစ်အောင်စကို ၁၆၂၆ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၀ရက်က တစ်အောင်စကို ၁၆၀၉ ဒေါ်လာ။ဖေဖော်ဝါရီ ၁၉ ရက်က တစ်အောင်စကို ၁၆၀၂ ဒေါ်လာ။ ဖေဖော်ဝါရီ ၁၈ရက် တစ်အောင်စကို ၁၅၈၇ ဒေါ်လာ ဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news–37319

## ကျောက်စိမ်းတစ်ပိဿာလျှင် ကန်စွန်းရွက်သုံးစည်းဖိုးခန့်သာ အခွန်ငွေရနေ



ကျောက်စိမ်းအလေးချိန် တစ်ပိဿာလျှင် ကန်စွန်းရွက်သုံးစည်းဖိုးခန့်သာ ရတနာခွန်အဖြစ်ရရှိနေကြောင်း မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေးကပြောသည်။ ဖေဖော်ဝါရီ ၂၆ ရက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင် စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ဒုတိယ ခြောက်လပတ်အခွန်ရငွေများနှင့် ယင်းအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ၂/၂၀၂၀ တို့နှင့် ပတ်သက်ပြီး ဆွေးနွေးစဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျောက်စိမ်းတစ်ကီလိုဂရမ်အပေါ်ရရှိတဲ့ ရတနာခွန်ဟာ မြန်မာကျပ်ငွေ ၄၄၄ ကျပ်ဖြစ်ပြီး လက်ဖက်ရည် တစ်ခွက် တန်ဖိုးလောက်ပဲရရှိနေတာဖြစ်ပါတယ်။ ပိဿာအနေနဲ့တွက်မယ်ဆိုရင်တော့ တစ်ပိဿာကို ၇၂၅ ကျပ်လောက်သာရရှိတဲ့အနေ အထားကိုတွေ့ရမှာဖြစ်လို့ ကျောက်စိမ်းတစ်ပိဿာကိုရရှိတဲ့ အခွန်နှုန်းထားဟာ ကြက်သားတစ်ပိဿာထက် ဈေးနည်းနေပြီး ကန်စွန်းရွက်သုံးစည်းစာလောက်သာဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လွန်ခဲ့တဲ့ ဘဏ္ဍာနှစ်နဲ့နှိုင်းယှဉ်ပါက ကျောက် စိမ်းအပေါ်အခွန်ငွေရရှိမှုလျော့နည်းသွားတာတွေ့ရပါတယ်။ ရတနာခွန် ရရှိမှုနှုန်းထားနည်းပါးနေပြီး ထုတ်လုပ်မှု များပြားနေခြင်းက တိုင်းပြည်အတွက် ပို၍ဆုံးရှုံးနစ်နာစေပါတယ်"ဟု ၎င်းကပြောသည်။ ရတနာခွန်ကို အလေးချိန်အပေါ် တွင်သာ ကောက်ခံနေပြီး အရည်အသွေးအပေါ် တွက်ချက်ကောက်ခံမှုမရှိသဖြင့် ထုတ်လုပ်မှုများနေသော်လည်း အခွန်ရရှိမှုနှုန်း လျော့နည်း နေကြောင်း ၎င်းက ပြောသည်။ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်စိမ်းတန်ချိန် ၃၅၁၄၃ တန် ထုတ်လုပ်ခဲ့ပြီး စုစုပေါင်း အခွန် ကျပ် ၁၅ ဒသမ ၆၀၈ ဘီလီယံရရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။ သယံဇာတမှ ရရှိသည့်အခွန်အခများသည် တိုင်းပြည်အတွက် ပြန်အစားထိုးမရသည့် အရင်းအမြစ်များမှထုတ်ယူရရှိခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်ကြောင်း၎င်းကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135895.html

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် လိုအပ်သော ကုန်ကြမ်းမရရှိနိုင်ဟုဆိုကာ Luckysky Bags အိတ်စက်ရုံပိတ်သိမ်း

ကိုရိုနာဗိုင်းရပ်စ်ကြောင့် လိုအပ်သည့်ကုန်ကြမ်းပြတ်လပ်သည်ဆိုသော အကြောင်းပြချက်ဖြင့် Luckysky Bags စက်ရုံ ပိတ်သိမ်းကြောင်း ဖေဖော်ဝါရီ ၂၆ ရက်က စုံစမ်းသိရသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်ရှိ Luckysky Bags စက်ရုံတွင် တရုတ်နိုင်ငံ၌ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ပြဿနာနှင့်ဆက်စပ်၍ လိုအပ်သော ကုန်ကြမ်း ပစ္စည်းများမရရှိခြင်းကြောင့် လုပ်ငန်းလည်ပတ်ရန် အခက်အခဲရှိနေကြောင်း၊ အလုပ်သမားများက ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက် အထိ ၁၁ ရက်ကြာဆန္ဒပြခဲ့သည့်အတွက် အော်ဒါများအချိန်မှီမပြီးစီးနိုင်ဘဲ တင်ပို့မှုနောက်ကျခဲ့သဖြင့် လက်ရှိတွင် အော်ဒါရရှိခြင်းမရှိသောကြောင့် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်ကာ စက်ရုံအားပိတ်သိမ်းလိုက်ကြောင်း စက်ရုံဘက်က ကြေညာချက်ထုတ်ပြန်ထားသည်။

စက်ရုံပိတ်သိမ်းရာတွင် EC စာချုပ် (အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်) ပါ စည်းကမ်းချက်အရ တစ်လကြိုတင် အကြောင်းကြားနိုင်ခြင်းမရှိသဖြင့် စက်ရုံဝန်ထမ်းအားလုံးအတွက် နို့တစ်ကြေး တစ်လစာ၊ လုပ်သက်ခြောက်လပြည့်ပြီး တစ်နှစ် မပြည့်သေးသည့်ဝန်ထမ်းများအတွက် အလုပ်ထုတ်နစ်နာကြေးလဝက်စာ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ လက်ကျန်လုပ်သက်ခွင့်ရက်များအား လုပ်သက်အလိုက်တွက်ချက်၍ ခွင့်ရက်အလိုက်ရသင့်သည့် Day ကြေး၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၃ ရက်အထိ အလုပ်ဆင်းခဲ့သည့်အချိန်ပိုကြေးအပါအဝင် လုပ်ခလစာတို့အား ဖေဖော်ဝါရီ ၂၉

ရက်တွင် ထုတ်ပေးမည်ဖြစ်ကြောင်း စက်ရုံဘက်ကကြေညာထားသည်။ စက်ရုံပိတ်သိမ်းမည်ဖြစ်၍ အလုပ်သမားများအား အလုပ်ထုတ်နစ်နာကြေးပေးမည်ဖြစ်သော်လည်း အလုပ်သမားများမှာ လုပ်ငန်းတည်မြဲရေးအတွက် ဆက်လက်လုပ်ကိုင်လိုကြောင်းသိရသည်။ "သူတို့ပေးတဲ့ နစ်နာကြေးက ညီမတို့အတွက် ဘယ်လိုမှ အဆင်မပြေနိုင်ဘူး။ စက်ရုံဖွင့်တာက တစ်နှစ်လောက်ပဲရှိသေးတယ်။ ကျွန်မတို့က လျော်ကြေးထက်စာရင် အလုပ်ပဲပြန်လုပ်ချင်တာ" ဟု Luckysky Bags စက်ရုံ အလုပ်သမား မချစ်စုကပြောကြားသည်။

Luckysky Bags အိတ်စက်ရုံတွင် အလုပ်သမား ၆၄၂ ဦးရှိသည့်အနက် အလုပ်သမား ၃၅ဝ ကျော်သည် တောင်းဆိုချက် ၁၇ ချက်ရရှိရန် စက်ရုံရှေ့၌ တောင်းဆိုဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုသို့ဆန္ဒထုတ်ဖော်တောင်းဆိုသည့် အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များအား အခြားစက်ရုံများသို့ ဖြန့်ဝေထားသည့်အတွက် အလုပ်သစ်လျှောက်ရာတွင် အခက်အခဲများ ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/161492

## သရက်တင်ပို့မည့်ရာသီ ရောက်တော့မည်ဖြစ်၍ ဗိုင်းရပ်စ်အခြေအနေကြောင့် တောင်သူများစိုးရိမ်



သရက်သီးတင်ပို့မည့်ရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် အခြေအနေများကြောင့် သရက်သီးဈေးကွက်ခန့်မှန်းရ ခက်ခဲနေပြီး တောင်သူများစိုးရိမ်လျက်ရှိကြောင်းသိရသည်။ လာမည့်ဧပြီလကုန်ခန့်တွင် ပြည်တွင်းမှသရက်သီးများ တရုတ် ဈေးကွက်သို့ တင်ပို့တော့မည်ဖြစ်ကြောင်း သရက်စိုက်ပျိုးသူ တချို့ထံမှ သိရသည်။ သရက်သီးများကို မူဆယ် ၁ဝ၅ မိုင်ဈေးကွက်မှ အဓိကတင်ပို့ခြင်းဖြစ်သည်။ လက်ရှိတွင် ရန်ကုန်နှင့် ဧရာဝတီတိုင်းမှ ဒေသထွက်သရက်သီးများ တင်ပို့မှုရှိနေပြီး မန္တလေး၊ စစ်ကိုင်းနှင့်ရှမ်းပြည်နယ်တို့မှ သရက်သီးများကို ဧပြီလဆန်းတွင် အိတ်စွပ် ကာ မေလ၌ဈေးကွက်တင်ပို့နိုင်တော့မည်ဖြစ်သည်။ "ဗိုင်းရပ်စ်ကြောင့် ဈေးကွက်မှန်းမရတော့ စိုးရိမ်မိတယ်။ ရောဂါကင်းရှင်း သွားမှ ဈေးကွက်ကောင်းမယ်လို့ ထင်တယ်။ နယ်စပ်ကုန်သွယ်ရေးအပေါ်မှီခိုရတယ်။ ပြည်တွင်းထွက် အားကို ပြည်တွင်းမှာ မဖြုန်းနိုင်တော့ မူဆယ် ၁ဝ၅ မိုင်ကို အားကိုးနေရတယ်။ သင်္ကြန်ပြီးမှ အိတ်စွပ်လို့ မေလလယ်လောက်မှာ တရုတ်ဈေးကွက် သွားကြတယ်"ဟု စစ်ကိုင်းမှ သရက်ခြံပိုင်ရှင် ဦးကျော်မြင့်ကပြောသည်။

ပြည်တွင်းမှ သရက်သီးများထွက်ရှိချိန်တွင် ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်နိုင်သည့်အခြေအနေမရှိသေးပါက သရက်သီး ဝယ်လက်နည်းပါးခြင်း၊ ဝယ်လက်မရှိခြင်းများဖြစ်ပေါ်ကာ ဈေးကွက်ကျဆင်းနိုင်ကြောင်း၊ အခြားပြည်ပနိုင်ငံများသို့ တင်ပို့မှုမှာလည်း ပြည်တွင်းသရက်သီးထွက်နှုန်း၏ တစ်ရာခိုင်နှုန်းခန့်သာဝယ်ယူမှုကြောင့် ဈေးကွက်ဝယ်လိုအားအပေါ် စိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်သည်များစိုးရိမ်မှုရှိနေကြောင်းသိရသည်။ "သရက်ပေါ်ချိန်က ပူတဲ့ရာသီဖြစ်သွားလို့ ဗိုင်းရပ်စ်ဇာတ်လမ်းတွေ ပြီးလောက်ပြီလို့ခန့်မှန်းတယ်။ သရက်သီးက ဖရဲ၊ သခွားလောက် မထိခိုက်နိုင်ဘူး။ ပြည်တွင်းစားသုံးမှုများသလို နိုင်ငံခြားဈေးကွက်ရှိနေတယ်။ အခုဆိုရင် သီလဝါဆိပ်ကမ်းမှာ သရက်သီးကိုယိုထုတ်ဖို့ ဂျပန်က စက်ရုံလာတည်နေပြီ။ ပြောချင်တာက ပြည်တွင်းမှာ Plan တွေရေးဆွဲနေပြီမို့ သိပ်ပြီးစိုးရိမ်စရာ မရှိဘူးလို့ယူဆတယ်"ဟု သရက်နည်းပညာအစုအဖွဲ့မှ ဦးကျော်စိုးကပြောသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေအရ မိုးခေါင်ချိန်ဖြစ်ခဲ့ပြီး အသီးရှားပါးခဲ့သော်လည်း ထွက်ရှိလာသည့် သရက်သီးများ ကောင်းမွန်သောကြောင့် ဈေးကောင်းရခဲ့ကြောင်း၊ ပုံမှန်ဈေးကွက်အရ ရင်ကွဲသရက်မှာ တစ်ဖာလျှင် ယွမ် ၄ဝ ဝန်းကျင်ရှိသော်လည်း ယမန်နှစ်က ယွမ် ၈ဝ အထိဈေးရခဲ့၍ တခြားစိန်တလုံး၊ ဟင်္သာတသရက်များလည်း အလားတူ ဈေးကောင်းရရှိခဲ့ပြီး ယွမ် ၁၇ဝ ဝန်းကျင် အထိရှိခဲ့ကြောင်းသိရသည်။ "ဈေးကွက်က စောင့်ကြည့်ရမယ့်အခြေအနေနဲ့ ခန့်မှန်းရခက်ပါတယ်။

ဗိုင်းရပ်စ်ထိန်းနိုင်ပြီဆိုရင် ခါတိုင်းလိုဈေးကွက်ရှိမှာပါ။ ၁၀ နှစ်ကျော်ကာလအတွင်း မနှစ်ကသရက်သီးဈေးကွက် အကောင်းဆုံး ထိရောက်ခဲ့တယ်။ သရက်သီးဈေးကွက်က ဗိုင်းရပ်စ်အခြေအနေသာမက တရုတ်ပြည်ရာသီဥတုအပေါ်လည်းမူတည်ပါတယ်"ဟု မူဆယ် ၁၀၅ မိုင် မိန်းမိန်းသစ်သီးဝလံပွဲရုံမှ ဦးနိုင်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135886.html

## စွန့်ပစ်ပစ္စည်းတွေကို ရွှေဖြစ်စေတဲ့အမျိုးသမီး



ဆိုရှယ်မီဒီယာမှာ စွန့်ပစ်သူတွေနဲ့ သိမ်းဆည်းသူတွေအကြား စည်းကမ်းမဲ့စွန့်ပြစ်တဲ့ အမှိုက်ပြဿနာက နေ့စဉ်လို မြင်တွေ့နေရပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရင်း အဲသည်ပြဿနာတွေလျှော့ချပေးနိုင်တဲ့ လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်လုပ်ကိုင်နေတဲ့အမျိုးသမီးတစ်ဦးနဲ့တွေ့ဆုံခဲ့ပါတယ်။ သူကတော့ New Life Plastic (NLP) Co.,LTD. Plastic Recycling Factory ရဲ့ ဒါရိုက်တာ မဝါဝါယဉ်မွန်ဖြစ်တယ်။ သူက" ကျွန်မတို့ရဲ့လုပ်ငန်းကို မှော်ဘီမှာစတင်ပါတယ်။ PP ပလတ်စတစ်ခွက်နဲ့ PP ဖူးစုတ်ဖတ်တွေကို လျော်ဖွတ်သန့်စင်ပြီး PP Recycle Plastic ကော်စေ့ကို စတင်ထုတ်လုပ်ပါတယ်။ ၂၀၁၃ မှာ စက်ရုံစတင်တည်ထောင်ပါတယ်။ ၂၀၁၇ မှာ လှိုင်သာယာမှာ လုပ်ငန်းချဲ့ထွင်ပြီး LDPE နဲ့ LLDPE ပလတ်စတစ်အရွက်တွေကို လျှော်ဖွတ်သန့်စင်ကာ ကော်စေ့ထုတ်လုပ်ခဲ့ပါတယ်။

ဒီနှစ်မှာတော့ မိမိတို့ကော်စေ့တွေ ကတစ်ဆင့် အောင်တံခွန် တံဆိပ် စိုက်ပျိုးရေးလုပ်ငန်းသုံး အစက်ချရေဖြန်းပိုက်တွေကိုထုတ်လုပ်ပါတယ်။ အဲဒါအပြင် ၂၀၁၆ ကစတင်ကာ Coca-Cola စက်ရုံက Waste တွေကို ဝယ်ယူကာ PET ဗူးကျွတ်တွေကို လျှော်ဖွတ်သန့်စင်ပြီး စားသောက်ကုန်လုပ်ငန်းကလွဲပြီး အခြားအသုံးပြုမယ့် စက်ရုံတွေဆီကို ပြန်လည်တင်ပို့ရောင်းချပါတယ်။ လက်ရှိမှာ PP Recycle ကော်စေ့ကို တစ်လမှာ တန် ၅၀ နဲ့ LDPE recycle ကော်စေ့ ကိုတော့ တစ်လမှာ တန် ၁၀၀ ခန့် ထုတ်လုပ်ပါတယ်။

**Source:** https://www.kumudranews.com/news–37309

## ရေထွက်ပစ္စည်းတင်ပို့မှုရပ်ဆိုင်းခြင်း ကောလဟာလသာဖြစ်

ကိုရိုနာဗိုင်းရပ်စ်၊ (ကိုဗစ် ၁၉)ကြောင့် ပြည်တွင်းမှ နယ်စပ်သို့တင်ပို့သည့် ရေထွက်ပစ္စည်းများ ရပ်ဆိုင်းလုနီးပါး ဖြစ်နေသည်ဆိုသည်မှာ ကောလာဟလသာဖြစ်ပြီး ပုံမှန်အတိုင်း ကုန်သွယ်မှုလည်ပတ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တိုးနန္ဒာတင်ကပြောသည်။ “ဒီလထဲမှာ ရေထွက်ပစ္စည်းအခြေအနေက အမေရိကန်ဒေါ်လာ ၆.၁၃ သန်းသွားနေတာ။ ကျွန်မတို့က ကုန်သွယ်မှုသွားနေရဲ့သားနဲ့ သူတို့က မသွားဘူးပြောတဲ့အခါကျတော့ ကျွန်မတို့အင်္ဂါနေ့စာရင်းမှာ သေချာပြောပြီးပြီ။ ကျွန်မတို့ရေကြောင်းကွန်တိန်နာနဲ့လည်း ပုံမှန်သွားနေတယ်။ သူတို့ပိတ်တယ်လို့ ပြောတဲ့နေရာက ချင်းရွှေဟော်ဂိတ်ကတော့ပိတ်ထားတယ်။ မူဆယ်ဂိတ်မပိတ်ဘူးဖွင့်ထားတယ်။ တင်ပို့မှုရပ်ဆိုင်းဆိုတာ ကောလဟာလ

တွေပါ။ ဒေတာလဲရှိတယ်။ ဒါကိုဘာလို့ပိတ်တယ်လို့ပြောတာလဲမသိဘူး” ဟု စံတော်ချိန်သတင်းဌာန၏ ဆက်သွယ်မေးမြန်းချက်ကို အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရေထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာနနှင့်တွေ့ဆုံစဉ် တရုတ်နိုင်ငံ၊ ဝူဟန်မြို့၌ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံနှင့်အဓိကကုန်သွယ်နေသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းလုနီးပါးဖြစ်နေရပြီး ဂဏန်း၊ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုများရပ်တန့်မှုရှိနေခြင်းကြောင့် ဂဏန်းဖမ်းသူများနှင့်အဝယ်ဒိုင်များ အခက်အခဲကြုံတွေ့နေရ ကြောင်း ၊ ဈေးကွက်ပျက်ကာ ဈေးနှုန်းကျဆင်းမှုနှင့် ကြုံတွေ့နေရကြောင်း ပြောဆိုဆွေးနွေးခဲ့သော်လည်း မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းအရ အေးခဲငါးပုစွန်များ၊ ရေထွက်ပစ္စည်းများနှင့် ငါးခြောက်၊ ကင်းမွန်ခြောက်ပစ္စည်းများမှာ ပုံမှန်အတိုင်းတင်ပို့နေရပြီး ငါးရှဉ့်အရှင်နှင့် ဂဏန်းအရှင်တင်ပို့မှုမှာ လျော့နည်းသွားကြောင်း ဒေါက်တာ ဒေါ်တိုးနန္ဒာတင်ကပြောသည်။ “ပမာဏစာရင်းအတိအကျက ဒီလကုန် လစစ်ချုပ်မှသိရမှာ။ ရေထွက်ပစ္စည်းတွေက အရင် ဇန်နဝါရီလကဆို ပိုတောင်သွားသေးတယ်။ အရင်လက တရုတ်နှစ်သစ်ကူးမို့ မနှစ်ကထက်ပိုသွားတယ်" ဟု ၎င်းက ပြောသည်။

မူဆယ်ဘက်မှ တရုတ်ပြည်နယ်စပ်ဘက်သို့တင်ပို့သည့် ငါး၊ ဂဏန်းနှင့်ပုစွန်တို့မှာ စွန့်ပစ်လိုက်ရသည်များရှိသလို အရောင်းအဝယ်အခြေအနေမှာ လုံးဝရပ်သွားခြင်းမျိုးလည်းဖြစ်ပေါ်နေသည်ဟု မူဆယ်ကုန်စည်ဒိုင်တချို့မှပြောဆိုသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။ ပြည်တွင်းရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေသည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံး တင်ပို့သည့်နိုင်ငံများမှာ ထိုင်း၊ ဗီယက်နမ်ဖြစ်ကြောင်းသိရသည်။

ဖေဖော်ဝါရီ ၁၄ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့်စာရင်းအရ ပြည်တွင်းရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့ပို့ကုန်အုပ်စုအလိုက် နှိုင်းယှဉ်ရာမှာ ပြီးခဲ့သည့် (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၂၆.၂၀၉ သန်းရှိခဲ့ပြီး (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇၃.၃၀၄ သန်းရှိပြီး ယမန်နှစ်ထက် ပိုမိုများပြားကြောင်းဖော်ပြထားသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2520403748071564?__tn__=K-R

## ပြည်ပငါးနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအပါအဝင်လုပ်ငန်း ၁၇ ခုကို ရန်ကုန်တိုင်းအတွင်းလုပ်ဆောင်ရန်ခွင့်ပြု

ပြည်ပငါးနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုပေးလိုက်ကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်ကသိရသည်။ အဆိုပါ ပြည်ပငါးနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ထိုင်ဝမ်၊ ဟောင်ကောင် ၊ Seychelle နှင့် Estonia နိုင်ငံတို့ပါဝင်ပြီး ယင်းတို့က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၆ ခုကို လုပ်ဆောင်မည်ဖြစ်ကာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းတစ်ခု ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အဓိကအားဖြင့် စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများတွင် လုပ်ကိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅၀၇ သန်းနှင့် မြန်မာကျပ်ငွေ ၃၀၀၃ ဒသမ ၉၈ သန်းဖြစ်ပြီး ပြည်တွင်းလုပ်သား ၈၉၂၀ ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825



## ၂၀၂၀ ခုနှစ် တရုတ်နိုင်ငံ၏ သံမဏိလိုအပ်မှု တန်ချိန် သန်း ၈၉၀ ခန့်ရောက်ရှိမည်ဟုခန့်မှန်းထား

တရုတ်နိုင်ငံ သံ၊သံမဏိစက်မှုလုပ်ငန်းအသင်း ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ် သံမဏိလုပ်ငန်းဈေးကွက် လိုအပ်ချက်မှာ ကောင်းမွန်နေ၍ အဓိကအားဖြင့် အခြေခံအဆောက်အအုံ၊ အိမ်ခြံမြေစသည့် လုပ်ငန်းကဏ္ဍများ တည်ငြိမ်စွာလည်ပတ်သည့် ကောင်းကျိုးများရရှိခဲ့သော်လည်း လုပ်ငန်း

အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တူညီမှုမရှိချေ။ ၎င်းအနက် အခြေခံ အဆောက်အအုံတည်ဆောက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုမှာ မြန်နှုန်းနိမ့်ဖြင့် တည်ငြိမ်စွာတိုးမြင့်နေခြင်းကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး အိမ်ခြံမြေရင်းနှီး မြှုပ်နှံမှု၊ ဆောက်လုပ်ရေးလုပ်ငန်းအသစ်များသည် မြန်နှုန်းမြင့်တိုးမြင့်မှုကို ထိန်းထားနိုင်ခဲ့ကာ စက်ယန္တရားလုပ်ငန်း တည်ငြိမ်စွာ လည်ပတ်လျက်ရှိသည်။ မော်တော်ယာဉ်လုပ်ငန်းမှာ ဆက်လက် ကျဆင်းနေကာ သဘော်ာတည်ဆောက်မှုလုပ်ငန်းများမှာလည်း စံချိန်စံညွှန်း ၃ ခုအနက် ၂ ခုကျဆင်းနေပြီး တစ်ခုမြင့်တက် ခဲ့သည်။ အိမ်သုံးလျှပ်စစ်ပစ္စည်းလုပ်ငန်းသည် တိုးမြင့်မှုအလားအလာကို ဆက်လက်ထိန်းထားနိုင်ခဲ့ပြီး ကွန်တိန်နာလုပ်ငန်းမှာ အကျဘက်သို့ဦးတည်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် သံမဏိ သုံးစွဲမှုပမာဏမှာ တန်ချိန်(၈၈၀) သန်း ခန့်ရှိမည်ဟုမျှော်မှန်းထားပြီး ကာလတူထက် ၆% တိုးမြင့်ခဲ့ကြောင်းသိရသည်။ ၂၀၂၀ ခုနှစ် သံ၊ သံမဏိအဓိက Downstream လုပ်ငန်း၏အခြေအနေကို ဆက်လက်ခွဲခြားကြည့်လျှင် ၎င်းအနက် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုမှာတိုးမြင့်နိုင်ကာ အိမ်ခြံမြေလုပ်ငန်းရင်းနှီး မြှုပ်နှံမှု၊ ဆောက်လုပ်ရေးလုပ်ငန်းအသစ်များ တိုးမြင့်မှုမြန်နှုန်းနှေးကွေးလာနိုင်ပြီး အိမ်သုံးလျှပ်စစ်ပစ္စည်းလုပ်ငန်းမှာ တည်ငြိမ်စွာတိုးမြင့်မှုကို ထိန်းထားနိုင်မည်ဖြစ်သည်။ မော်တော်ယာဉ်၊ သဘော်ာ၊ ကွန်တိန်နာနှင့် စက်ယန္တရားလုပ်ငန်းအနက် အချို့လုပ်ငန်းခွဲ၏ တိုးမြင့်မှုမှာ အနုတ်လက္ခဏာထွက်ပေါ်လာနိုင်သော်လည်း ယေဘုယျအားဖြင့် သံမဏိလိုအပ်ချက်မှာ ပမာဏအနည်းငယ်မြင့်တက်ကာ တန်ချိန် (၈၉၀) ဘီလီယံရောက်ရှိပြီး ကာလတူထက် ၂% တိုးမြင့်မည်ဟု ခန့်မှန်းထားကြောင်းသိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/

## တရုတ်ဌာနဆိုင်ရာ ရုံးအချို့ပြန်ဖွင့်သော်လည်း မတ်လမှသာ နယ်စပ်ကုန်သွယ်ရေးပြန်လည်ကောင်းမွန်မည်

တရုတ်နိုင်ငံဘက်မှ ဌာနဆိုင်ရာ ရုံး၊ ကျောင်း၊ ဘဏ်များကို ဖေဖော်ဝါရီ ၂၄ ရက်က ပြန်ဖွင့်ပြီဖြစ်သော်လည်း လာမည့် မတ်လလယ်မှသာ မူဆယ်နယ်စပ်ကုန်သွယ်ရေး ပြန်လည်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ ဖေဖော်ဝါရီ ၂၆ တွင်သိရသည်။ သို့သော် မူဆယ်နယ်စပ်ကုန်သွယ်ရေး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်မှာ ဝူဟန်ဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်မှရနိုင်မည်ဖြစ်ကြောင်းသိရသည်။ "လာမယ့် မတ်လလယ်လောက်ဆိုရင်တော့ ပုံမှန်မဟုတ်တောင်မှ ပြန်ကောင်းလာမှာပါ။ ပုံမှန်ပြန်ဖြစ်ဖို့ကတော့ စောင့်ရပါဦးမယ် ။ အဓိကအရေးကြီးအချက်က ဝူဟန်ဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ပြီဆိုမှ ပုံမှန်ပြန်ဖြစ်မှာပါ"ဟု မူဆယ်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောကြားခဲ့သည်။

တရုတ်နှစ်သစ်ကူးနောက်ပိုင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံသို့တင်ပို့သည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှာ ရပ်ဆိုင်းလုနီးပါးဖြစ်ကာ အဆိုပါ ရောဂါဖြစ်ပွားမှုကြောင့် မူဆယ်နယ်စပ်မှ တရုတ်ဘက်သို့ ဖရဲနှင့် သခွားမွှေးအနည်းငယ်သာ တင်ပို့မှုရှိရာမှ လက်ရှိတွင် ဆန်၊ ဆန်ကွဲ၊ သကြားအနည်းငယ် တင်ပို့နိုင်ကြောင်းသိရသည်။ တရုတ်ဘက်မှလည်း လျှပ်စစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ အနည်းအကျဉ်းပြန်လည်ဝင်ရောက်လာကြောင်း မူဆယ်ကုန်စည်ဒိုင်မှသိရသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သစ်သီးဝလံတင်ပို့မှုနှင့် ရေထွက်ကုန်တင်ပို့မှုမှာ ထိခိုက်ဆုံးရှုံးမှု အများဆုံးဖြစ်ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ နှစ်ပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၉ သန်း လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့်လွယ်ဂျယ်တို့မှ ပို့ကုန် ဒေါ်လာ ၁၅၂ သန်းနှင့် သွင်းကုန်ဒေါ်လာ ၅၇ သန်း ကုန်သွယ်မှုပမာဏလျော့နည်းခဲ့ခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံရှိပြီး ပို့ကုန် တန်ဖိုး ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံ ကျော်နှင့် သွင်းကုန် တန်ဖိုး ၇ ဒသမ ၇ ဘီလီယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

**Source:** http://www.fifthwavenews.com/fwn/52037

## မန္တလေးကျောက်ဝိုင်းတွင် တရုတ်ကုန်သည်ဝင်ရောက်မှုနည်းပြီး အရောင်းအဝယ်မဖြစ်

တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မန္တလေးကျောက်ဝိုင်း (မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း) တွင် တရုတ်နိုင်ငံသား ကျောက်ကုန်သည်ဝင်ရောက်မှုနည်းပြီး အရောင်းအဝယ်မဖြစ်ဘဲရှိနေကြောင်း ကျောက်ဝိုင်းအကျိုးတော်ဆောင်ကော်မတီမှ ဖေဖော်ဝါရီ ၂၆ ရက်တွင်သိရသည်။ ယခင်နှစ်များက တရုတ်နှစ်သစ်ကူးပြီးသည့် အချိန်တွင် တရုတ်နိုင်ငံသား ကျောက်ကုန်သည်များဝင်ရောက်ကြပြီး အရောင်းအဝယ်ဖြစ်ကြကာ မြန်မာကျောက်သမားများ အဆင်ပြေကြကြောင်းသိရသည်။ ``တကယ်ဆို ဒီလိုအချိန်က အရောင်းအဝယ်ကောင်းရမယ့်အချိန် ။ ဒါပေမယ့် တရုတ်နိုင်ငံမှာဖြစ်နေတဲ့ ဒီဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်ကုန်သည်တွေပြန်မဝင်လာပဲဖြစ်နေတယ်။ တရုတ်နှစ်သစ်ကူးမှာ မပြန်ပဲ ရှိနေတဲ့သူတွေလည်းရှိတယ်။ အခုအရောင်းအဝယ်ကမဖြစ်ကြဘူး။ တရုတ်ကုန်သည်လာမှ အရောင်းအဝယ်ဖြစ်မှာ´´ ဟု ကျောက်ဝိုင်းအကျိုးတော်ဆောင်ကော်မတီ အတွင်းရေးမှူး ကိုမျိုးမြင့်နိုင်ကပြောသည်။

မြန်မာ့ကျောက်စိမ်းဈေးကွက်သည့် တရုတ်နိုင်ငံပေါ်တွင်မှီခိုနေပြီး ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် အရောင်းအဝယ်ဖြစ်မှုမှာ၂၅ရာခိုင်နှုန်းခန့်သာရှိကြောင်းမန္တလေးတိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း က သိရသည်။ ``ကျောက်စိမ်းဆိုတာ မြန်မာနိုင်ငံမှာဖြစ်ပြီး တရုတ်နိုင်ငံမှာ လမ်းဆုံးရတာပဲ။ တရုတ်လူမျိုးတွေပဲ ကျောက်စိမ်းကို တန်ဖိုးထားတာဆိုတော့ ။ အခုက တရုတ်မဝင်တော့ အရောင်းအဝယ်မဖြစ်ကြဘူး။ ပိုက်ဆံရှိတဲ့မြန်မာကုန်သည်တချို့နဲ့ရှိနေတဲ့ တရုတ်ကုန်သည်တချို့လောက်ပဲဝယ်ပြီး ဈေးကွက်ဖြစ်နေတဲ့သဘော´´ ဟုမန္တလေးတိုင်းဒေသကြီး ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း မှ ဦးသန်းဝင်းကပြောသည်။

မန္တလေးမြို့ကျောက်ဝိုင်းတွင် တစ်ရက်လျှင် ဝင်ထွက်သွားလာသူ ထောင်ချီရှိပြီး ယခင်နှစ်က တစ်ရက်လျှင် တရုတ်နိုင်ငံသား ကျောက်စိမ်းကုန်သည် ၈၀၀ မှ ၁၀၀၀ အကြားရှိကြောင်း ကျောက်ဝိုင်းအကျိုးတော်ဆောင်ကော်မတီ က သိရသည်။ ထို့အပြင် ကျောက်ဝိုင်းအတွင်း ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ အသိပညာပေးမှုများ လုပ်ဆောင်ထားသော်လည်း အဝင် အထွက်ပေါက်များတွင် ကျန်းမာရေးစစ်ဆေးမှုများလုပ်ဆောင်ခြင်းမရှိပေ။

**Source:** https://www.facebook.com/fifthwavenews/posts/615055142558547?__tn__=K-R

## ဖရဲသီးတင်ပို့မှု ကန်ဒေါ်လာသန်း ၅၀ ခန့်နစ်နာ၊ လျာထားချက်ပြည့်မီမည်မဟုတ်

တရုတ်နယ်စပ်သို့ ဖရဲမတင်ပို့နိုင်ခြင်းကြောင့် အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုးခန့်နစ်နာခဲ့ပြီး ယခုဘဏ္ဍာနှစ် တင်ပို့မှု လျာထားချက် ပြည့်မီတော့မည်မဟုတ်ဟု မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။ ''အမေရိကန်ဒေါ်လာ သန်း ၅၀ လောက်တော့ နစ်နာဆုံးရှုံးမှုရှိသွားပြီ။ သခွားမွှေးက တင်ပို့ပြီး ဈေးနည်းနည်းရတယ်။ ဖရဲကလုံးဝပြန်မရဘူး''ဟု ၎င်းကပြောသည်။ ယခုကာလသည် ပုံမှန်တစ်ရက်လျှင် ကားအစီးရေ ၅၀၀ မှ ၆၀၀ ထိ တင်ပို့ရမည်ဖြစ်သော်လည်း ၃၀၊ ၄၀ သာ တင်ပို့ရသည့်အတွက် နစ်နာမှုများ ဖြစ်ပေါ်လျက် ရှိသည်။

တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာနိုင်ငံနှင့်တရုတ်အကြား ကုန်သွယ်မှုထိခိုက်ခဲ့ရပြီး နယ်စပ် ကုန်သွယ်မှုတွင် အဓိကတင်ပို့နေသော ဖရဲသီးများ ရာသီချိန်တင်ပို့မှုကို များစွာထိခိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ရှိ မူဆယ် နယ်စပ်ရှိ ဖရဲသီးရောင်းဝယ်ရေးသည် တရုတ်ဝယ်လက်များပြန်ရှိလာကာ ယခင် ၅၀ ခန့်သာရှိရာမှ ယခု ၂၀၀ ကျော်ရှိလာပြီ ဖြစ်သဖြင့် ဈေးကွက်ပြန်ဖြစ်လာတော့မည်ဟု ဦးနိုင်ဝင်းကပြောသည်။ ''ဈေးကွက်က ပြန်ဖြစ်လာတော့မှာပါ။ သူတို့ရဲ့ လမ်းပန်း ဆက်သွယ်ရေးနဲ့ စားသောက်ဆိုင်၊ ဟိုတယ်တို့ချင့်ချိန်နေတာ။ အခုတောင် အရင်ရက်နဲ့စာရင်ဝယ်လာပြီ။ မကြာခင်မှာ ပြန်ကောင်းဖို့လက္ခဏာရှိပါတယ်''ဟု ၎င်းကဆိုသည်။ ဖရဲသီးရာသီချိန် တင်ပို့မှုကာလသည် မေလပိုင်းအထိသာ ရှိတော့သည့်အတွက် ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ဖရဲသီးတင်ပို့မှု လျာထားချက်ကို ထိခိုက်မည်ဟု ဦးနိုင်ဝင်းက ပြောသည်။ ''ကျွန်တော်တို့ ဖရဲတင်ပို့မှုက တန်ချိန်ရှစ်သိန်းလျာထားတာ။ အခုမှ သုံးသိန်းကျော်ပဲ တင်ပို့နိုင်သေးတယ်။ ဒီဘဏ္ဍာနှစ် လျာထားချက်က ထိခိုက်မှာ သေချာပါတယ်။ ပြီးတော့ သခွားမွှေး တန်ချိန်ပေါင်း ၄၀,၀၀၀ ကျော်သာ တင်ပို့နိုင်သေးလို့ အများကြီး တင်ပို့ဖို့ ကျန်နေသေးတယ်''ဟု ၎င်းကပြောသည်။ ၂၀၁၈ ခုနှစ်၊ နှစ်ကုန်ပိုင်းကလည်း ဖရဲ၊ သခွားအဓိက ဝင်ပေါက်

ဖြစ်သည့် တရုတ်နယ်စပ်ရှိ ကျင့်စန်းကျော့ဂိတ်ကို နှစ်ပတ်ကျော်ကြာပိတ်ပင်ခဲ့မှုကြောင့် ဖရဲသီးတင်ကားများ ထောင်ချီ၍ နယ်စပ်တွင် ပိတ်နေခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ဖူးသည်။

၂၀၁၈-၁၉ ခုနှစ်တွင် ဖရဲသီးတင်ပို့မှုသည် တန်ချိန် ၇၄၈,၄၇၂ ၊ ကန်ဒေါ်လာ ၆၆ ဒသမ ၄၅ သန်းဖိုးတင်ပို့ခဲ့ပြီး ကျင်းစန်းကျော့ ကုန်သွယ်ရေးလမ်းကြောင်းပိတ်ခဲ့သည့်ဖြစ်စဉ်ကြောင့် အနည်းငယ်လျော့ကျခဲ့သည်ဟု ၄င်းကဆိုသည်။ မြန်မာနိုင်ငံ ဖရဲ သခွားမွှေး စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း စာရင်းအရ ပြီးခဲ့သောနှစ်တွင် သခွားမွှေး ၁၅၈,၀၆၉ တန် တင်ပို့ခဲ့ရာ ကန်ဒေါ်လာ ၃၂ ဒသမ ၂၃ သန်းရရှိခဲ့သည်။

https://myanmar.mmtimes.com/news/135917.html

## ဘင်္ဂလားဒေ့ရှ်ဘက် ဈေးနှုန်းကျဆင်းမှုကြောင့် မောင်တောကြက်သွန်နီများ တင်ပို့ရေးအခက်ကြုံ

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကနေ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်တင်ပို့နေတဲ့ ကြက်သွန်နီတွေဟာ ဘင်္ဂလားဒေ့ရှ်ဘက်မှာ ဈေးကျဆင်းနေတဲ့အတွက် ကြက်သွန်နီတင်ပို့မရဖြစ်နေပြီး ပျက်စီးဆုံးရှုံးမှာကို ကုန်သည်တွေစိုးရိမ်နေကြပါတယ်။ "အခုကဈေးကျနေလို့ ဈေးမကိုက်လို့ လှေပေါ်ကနေတင်မလား၊ မတင်ဘူးလားဆိုပြီးဖြစ်နေတာပါ။ ကြက်သွန်နီက များများလာနေလို့ ဈေးကျနေတာ နည်းနည်းလာရင်ဈေးရတယ်။ များများလာရင်ဈေးကျသွားတယ်။ ပို့တော့ ပို့နေတယ် ဟိုဘက်ကိုရောက်နေတဲ့ ဘုတ်တွေမလာနိုင်လို့ ဒီမှာကုန်တွေသောင်တင်နေတာပါ" လို့ ကြက်သွန်ကုန်သည်တဦးက ပြောပါတယ်။

အရင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကြက်သွန်နီ ၁ ကီလို တာကာ ၂၀ အထိရှိခဲ့ပြီး အခုအခါ ၁ ကီလို ၈၅/၉၀ တာကာသာ ရှိတော့ကြောင်း၊ ကြက်သွန်နီတင်ပို့မှုတွင်လည်း မော်တော်ဘုတ်မလုံလောက်တဲ့အတွက် အခက်တွေ့နေရတယ်လို့ ကြက်သွန်နီ တင်ပို့နေတဲ့ ကုန်သည်တဦးကပြောပါတယ်။ "မော်တော်ဘုတ်ကလည်း မလုံလောက်ဘူး။ ပစ္စည်းရောက်တာနဲ့ တင်ပို့တာ မညီမျှဘူး။ တနေ့ကို မော်တော ၇ စီး ၈ စီးလောက်သာထွက်နိုင်တယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှာလည်း ကုန်တင်ရတာ ကိုယ့်အလှည့်နဲ့ကိုယ်တင်ရတယ်။ ဒါကြောင့် အချိန်ကြန့်ကြာရင် ကုန်တွေပျက်စီးတာတွေဖြစ်လာတာရှိတယ်" လို့ပြောပါတယ်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကနေ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှာ ကြက်သွန်နီတန်ချိန် ၁၈၀ တန်သာ တင်ပို့ခဲ့ပေမဲ့ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ ကြက်သွန်နီတန်ချိန် ၁၁၇၅ တန်၊ နိုဝင်ဘာလမှာ ၁၀၇၄ တန်၊ ဒီဇင်ဘာလမှာ တန်ချိန် ၇၆၁ တန် ထိတင်ပို့ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ကန်ဒေါ်လာ ၁၀၃၁၆၉၆ ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၁၂၀၂ တန် အမြင့်ဆုံးတင်ပို့ထားတယ်လို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ တရားဝင်ကိန်းဂဏန်းတွေအရ သိရပါတယ်။

**Source:** http://burmese.dvb.no/archives/373735?fbclid

## အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံတင်သွင်းမှုသည် နှစ်အလိုက် ၆၀ ရာခိုင်နှုန်းအထိကျဆင်းနိုင်

အိန္ဒိယနိုင်ငံတွင် ပဲအထွက်ကောင်းခြင်းနှင့် ပြည်ပပဲတင်သွင်းမှုကို အစိုးရကထိန်းချုပ်ထားခြင်းတို့ကြောင့် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွင်း ကုလားပဲအပါအဝင် ပဲမျိုးစုံတင်သွင်းမှုသည် နှစ်အလိုက် ၆၀ ရာခိုင်နှုန်းအထိကျဆင်းကာ တန်ချိန် တစ်သန်းသာရှိနိုင်လိမ့်မည်ဟု အိန္ဒိယပဲမျိုးစုံကုန်သွယ်ရေး ဦးဆောင်အဖွဲ့အစည်းတစ်ခု၏ အကြီးအကဲကပြောကြားထားသည်။ ကမ္ဘာ့ပဲစားသုံးမှုအများဆုံး အိန္ဒိယ၏သွင်းကုန်လျှော့ချမှုမှာ ပြည်တွင်းပဲဈေးများကို မြင့်တက်စေဖွယ်ရှိသော်လည်း အိန္ဒိယ ပဲဈေးကွက်ကို အမှီပြုနေကြသည့် ကနေဒါ၊ ဩစတြေးလျ၊ မြန်မာ၊ ရုရှားစသည့်နိုင်ငံတို့မှ လယ်ယာလုပ်ငန်းများအား ထိခိုက်စေနိုင်မည်ဖြစ်သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မတ်လတွင် အဆုံးသတ်မည့် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင်မူ အိန္ဒိယပဲမျိုးစုံတင်သွင်းမှုမှာ နှစ်အလိုက် သုံးဆ မြင့်တက်ကာ တန်ချိန် ၂ ဒသမ ၅ သန်း ရှိနိုင်မည်ဟု အိန္ဒိယ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) ၏ ဥက္ကဋ္ဌ Jitu Bheda က ပဲမျိုးစုံညီလာခံ သို့ တက်ရောက်စဉ် ပြောကြားခဲ့သည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်က ပဲ စံချိန်တင် တင်သွင်းမှုကြောင့် ပြည်တွင်းပဲဈေးများ ကျဆင်း ခဲ့ပြီးနောက် အိန္ဒိယအစိုးရက စားတော်ပဲ၊ ပဲတီစိမ်း၊ မတ်ပဲ စသော ပဲမျိုးစုံသီးနှံ များအပေါ် သွင်းကုန်ကန့်သတ်ချက်များ စတင်ပြဋ္ဌာန်းခဲ့သည်။

အစိုးရ၏ သွင်းကုန်ပမာဏခွင့်ပြုချက်အရဆိုလျှင် ကုန်သည်များမှာ ပဲမျိုးစုံ တန်ချိန် တစ်သန်းသာ တင်သွင်းခွင့်

ရခဲ့မည်ဖြစ်သော်လည်း ၎င်းတို့က သွင်းကုန်ခွဲတမ်း တိုးမြှင့် ပေးရန် အကြိမ်ကြိမ် လျှောက်ထားကာ အပိုဆောင်းအဖြစ် တန်ချိန် တစ်သန်းခွဲ တင်သွင်း ခဲ့ကြသည်။ ယခုအခါ အစိုးရ သတ်မှတ်သည့် ကိုတာထက်ပို၍ ပဲတင်သွင်းခြင်း မပြုနိုင်ရန် ကုန်သည်များဘက်မှ ကိုတာတိုးမြှင့်လျှောက်ထားနိုင်မှုကိုပါ တင်းကျပ်လိုက်ပြီဖြစ် ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းတာဝန်ရှိသူများက ပြောသည်။ လာမည့်နှစ်တွင် ကုန်သည်များအနေဖြင့် အစိုးရခွင့်ပြုသော တန်ချိန် တစ်သန်းသာ တင်သွင်းခွင့်ရနိုင်မည်ဟု Bheda က ပြောသည်။

ပြည်တွင်းထွက် ကုလားပဲနေရာတွင် အစားဝင်လေ့ရှိသော စားတော်ပဲတင်သွင်းမှုမှာ အိန္ဒိယ၏စုစုပေါင်းပဲမျိုးစုံ တင်သွင်းမှု အနက် ထက်ဝက်နီးပါး ပါဝင်လေ့ရှိသည်။ သို့သော် ယခုနှစ်တွင် အိန္ဒိယ၏ ပြည်တွင်းကုလားပဲထုတ်လုပ်မှုမှာ ယခင်နှစ်အထွက် ဖြစ်သော တန်ချိန် ၁၀ ဒသမ ၁၃ သန်းကို ကျော်လွန်နိုင်ဖွယ်ရှိရာ စားတော်ပဲတင်သွင်းရန် မလိုအပ်တော့သလောက် ဖြစ်လာနိုင်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

## ထိုင်းစီးပွားရေးဘဏ်မှ GDP တိုးတက်မှုနှုန်း(၁%)အောက်ရောက်ရှိနိုင်ကြောင်းသတိပေး

ဗဟိုဘဏ်အကြီးတန်းအရာရှိတစ်ဦး၏ပြောကြားချက်အရ ထိုင်းစီးပွားရေးဘဏ်အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုသည် တစ်နှစ်ပတ်လုံးဆက်လက်ဖြစ်ပွားမည်ဆိုပါက ၂၀၂၀ခုနှစ်တွင် စီးပွားရေးသည် (၁%) အောက်တွင်သာရှိနိုင် သည်ဟု ခန့်မှန်းထားကြောင်းပြောကြားခဲ့ပါသည်။ အကယ်၍ ဗိုင်းရပ်စ်သည် ဗဟိုဘဏ်၏ ခန့်မှန်းထားသည်ထက်ပို၍ တစ်နှစ်ပတ်လုံး ပျံ့နှံ့ဖြစ်ပွားမည်ဆိုပါက GDPတိုးတက်မှုနှုန်းသည် (၁%)အောက်တွင်သာရှိနိုင်ကြောင်း ငွေကြေးမူဝါဒအဖွဲ့၏ စီးပွားရေးနှင့် မူဝါဒရေးရာဦးစီးဌာနအကြီးတန်းညွှန်ကြားရေးမှူးDon Nakornthab က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့်နည်းပညာဆိုင်ရာကျဆင်းမှုသို့ ကျဆင်းသွားနိုင်ဖွယ်ရာရှိကြောင်း၊ ၎င်းသည် ဗိုင်းရပ်စ်ဖြစ်ပွားမှု မည်မျှကြာမြင့်မည်ဆိုသည့်အပေါ်မူတည်နေကြောင်း ဖြစ်နိုင်ချေအပေါ် မှတ်ချက်ပြုလျှက်ရှိနေကြပါသည်။ စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်နိုင်ကြောင်း၊ သို့ရာတွင် စီးပွားရေးဆိုင်ရာအချက်အလက်များအပေါ် ပြည့်စုံစွာ စဉ်းစားသုံးသပ်ရန်လိုအပ်ကြောင်း Mr. Don က ပြောကြားခဲ့ပါသည်။ ထိုင်းဘဏ်အနေဖြင့် ယခုနှစ်(၃)လအတွင်း စီးပွားရေးကျဆင်းမည်ဟု မျှော်လင့်ကြောင်း၊ ဗိုင်းရပ်စ် ပျံ့နှံ့မှုအနေဖြင့် ရပ်တန့်ခြင်းမပြုမီ လာမည့်လအနည်းငယ်အတွင်း ဆက်လက်ဖြစ်ပွားမည်ဟု ၎င်းကပြောကြားခဲ့ပါသည်။

နိုင်ငံခြားခရီးသွားဝင်ရောက်မှုသည် ယခင်နှစ်ကထက် (၄၅%) ကျဆင်းခဲ့သဖြင့် စီးပွားရေးတိုးတက်မှုသည် ဖေဖော်ဝါရီ လတွင် သိသိသာသာကျဆင်းသွားလိမ့်မည်ဖြစ်ပါသည်။ ခရီးသွားကဏ္ဍအနေဖြင့် ၂၀၁၉ခုနှစ်တွင်GDP ၏ (၁၁.၁%)ရှိပြီး မကြာသေးမီနှစ်များအတွင်းက စီးပွားရေး တိုးတက်မှု၏ မောင်းနှင်အားအင်ဂျင်ဖြစ်ခဲ့သောခရီးသွားကဏ္ဍမှာ ဗိုင်းရပ်စ်ကူးစက်မှု၏ ဒါဏ် ကို ဆိုးရွားစွာခံနေရပါသည်။ Mr.Donက ထိုင်းနိုင်ငံတွင် ဗိုင်းရပ်ဖြစ်ပွားမှုသည်တတိယအဆင့်သို့ရောက်ရှိနိုင်သော်လည်း ယခုအခါ ဒုတိယအဆင့်တွင် ရောဂါကူးစက်မှုကို ထိန်းချုပ်စီမံခန့်ခွဲနိုင်ခဲ့ခြင်းကြောင့် ၎င်း၏အကျိုးသက်ရောက်မှုမှာ စိုးရိမ်စရာ မရှိကြောင်းပြောကြားခဲ့ပါသည်။ ယခင်နှစ်ဒီဇင်ဘာလက ဗဟိုဘဏ်သည် ၂၀၂၀ခုနှစ်တွင် စီးပွားရေးတိုးတက်မှု အလားအလာ ကို(၃.၃%)မှ(၂.၈%)သို့လျှော့ချခဲ့ပြီး ၎င်း၏ခန့်မှန်းချက်အားမတ်လ(၂၅)ရက်နေ့တွင် ပြန်လည်သုံးသပ်ရန်စီစဉ်ထားပါသည်။

ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်မှာတရုတ်နိုင်ငံဖြစ်ကြောင်း၊ ၎င်းမှ ကူးစက်ပျံ့နှံ့မှုစတင်ခဲ့ကြောင်း၊ ၎င်း၏ စီးပွားရေးဒေသ တစ်ချို့မှာ မြင့်တက်နေခဲ့ကြောင်း၊ သို့ရာတွင် တရုတ်ပြည်အပြင်ဖက်တွင် ကူးစက်မှုများလာကြောင်းပြောကြားခဲ့ပါသည်။ ဇန်နဝါရီလတွင် ခရီးသွားဝင်ရောက်မှုမှာ ယခင်လနှင့်နှိုင်းယှဉ်လျှင် (၂.၅%) တိုးတက်ခဲ့ကြောင်း၊ အဓိကအားဖြင့် မလေးရှား၊ ရုရှား၊ ဟောင်ကောင် စသည်တို့မှ နှစ်သစ်တွင်ဝင်ရောက်မှုတိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ ဇန်နဝါရီလတွင် ခရီးသွားဝင်ရောက်မှုမှာစုစုပေါင်း (၃.၈)သန်းရှိခဲ့ပါသည်။ ဇန်နဝါရီလက တရုတ်ခရီးသွား(၉၀%)ကျဆင်းခဲ့ကြောင်း ၊ တရုတ်အစိုးရအနေဖြင့် ကပ်ရောဂါဖြစ်ပွားမှုနှင့် အလုပ်လက်မဲ့များပြားလာမှုကြောင့် အလုပ်သမားဈေးကွက် ထိခိုက်မှုကိုထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် ပြင်ပသို့ထွက်သည့် အုပ်စုလိုက်ခရီးသွားများကို တားမြစ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ပထမလတွင်ထိုင်းနိုင်ငံ၏စီးပွားရေးမှာ နှေးကွေးသော လမ်းကြောင်းတွင်ဆက်လက်တည်ရှိနေပါသည်။ ရွှေမှလွဲ၍ ပို့ကုန်ကုန်ပစ္စည်းတင်ပို့မှုမှာ ယခင်လက(၀.၉%) ကျဆင်းခဲ့ရပြီး နောက် ယခုလတွင် (၁.၃%) ကျဆင်းခဲ့ပါသည်။ သို့ရာတွင်ထိုင်းနိုင်ငံအနေဖြင့် ဇန်နဝါရီလတွင် ရွှေအပါအဝင်ပို့ကုန်တင်ပို့မှု

(၃.၅%)တိုးတက်မှုရှိခဲ့သော အာဆီယံ၏ တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှု၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့အသုံးစရိတ်များသည် ပြီးခဲ့သည့်လက ကျဆင်းခဲ့ပါသည်။ ပုဂ္ဂလိကစားသုံးမှုသည် နှေးကွေးသောနှုန်းဖြင့်တိုးတက်ခဲ့ပြီး လယ်ယာဝင်ငွေမှာ မြင့်တက်ခဲ့ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုအပြင် မိုးခေါင်မှုအခြေအနေများနှင့် ၂၀၂၀ ဘတ်ဂျက်ခွဲဝေမှု နှောင့်နှေးမှု အခြေအနေများကိုလည်းစောင့်ကြည့်လျှက်ရှိကြောင်းMr.Don ကပြောကြားခဲ့ပါသည်။ မိုးခေါင်မှုမှာလည်းဆိုးဝါးကြောင်း၊မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် ဆည်မြောင်းရေကာတာများတွင် ရေခမ်းခြောက်မှုအကျပ်အတည်းနှင့်ရင်ဆိုင်နေရပါသည်။ ၂၀၂၀ ခုနှစ် ဘတ်ဂျက် ဥပဒေပြဌာန်းလိုက်ခြင်းသည် ယခုနှစ်ဒုတိယ(၃)လပတ်တွင် ဘတ်ဂျက်ငွေပေးချေမှုကို ပြုလုပ်ရန်မျှော်လင့်ထားသဖြင့် ပြည်တွင်းသုံးစွဲမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

**Source: Bangk Post**

စီးပွားရေးသံမှူး- မြန်မာသံရုံး၊ ဗန်ကောက်မြို့

## STOCK EXCHANGE (27.2.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 2,092 | 24,975,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +0 | +0.00% | 4,000 | 4,000 | 3,950 | 4,052 | 16,052,250 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 48 | 397,000 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 0 | 0 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,390 | 4,031,000 | 12,823,224 | 37,187 |

### Market summary

As of 27th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 470.96 | -10.66 | -2.21% | 483.05 | 483.05 | 470.96 | 7,582 | 45,455,250 | 5 | 644,899 |

**Index chart**



# Market Overview

As of 1:00 pm, 27th Feb. 2020

| MYANPIX | 470.96 ▼10.66 |
|---|---|
| Total Volume (shares) | 7,582 |
| Total Value (MMK) | 45 mil |
| Listed Company | 5 |
| Market Cap. (MMK) | 644,899 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR